"အိမ်အကူအလုပ်သမား တို့အလုပ်သမား"




# အိမ်အကူအလုပ်သမားများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာပြဋ္ဌာန်းချက် အမှတ် (၁၈၉)

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့

မူပိုင်ခွင့် © အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၂၀၁၈

ကာတွန်း - Liz Cameron

ဒီဇိုင်း - ချမ်းသာ ပုံနှိပ်တိုက်

မြန်မာနိုင်ငံတွင် ထုတ်ဝေသည်။




ပြဋ္ဌာန်းချက် အမှတ် (၁၈၉) သည် အိမ်အကူအလုပ်ကို အလုပ်အကိုင်တစ်ခုအဖြစ် အသိအမှတ်ပြုထားသည်။



ပြဋ္ဌာန်းချက် အပိုဒ် (၁) အိမ်အကူအလုပ်အကိုင်ဆိုသည်မှာ အိမ်ထောင်စုတစ်စု (သို့) အိမ်ထောင်စုများအတွက် လုပ်ကိုင်ပေးရသည့် အလုပ်အကိုင်ကို ဆိုလိုပါသည်။




အိမ်အကူအလုပ်သမားများသည် အလုပ်ရှင်များအား နောက်ကွယ်မှ ပံ့ပိုးပေးနေသူများဖြစ်သည်။




ပြဋ္ဌာန်းချက် အပိုဒ် (၃) အိမ်အကူအလုပ်သမားများသည် လုပ်ငန်းခွင်တွင် နိမ့်ချဆက်ဆံမှုနှင့် ခွဲခြားဆက်ဆံမှု ကင်းလွတ်ခွင့်ရှိသည်။



အလွန်များပြားလက်ဝင်ပြီး အချိန်ပေးရသည့် အိမ်မှုကိစ္စများကို လုပ်ကိုင်ပေးနေသော အိမ်အကူအလုပ်သမားများသည်
လေးစားတန်ဖိုးထားထိုက်သည့် အလုပ်သမားများဖြစ်သည်။





ပြဋ္ဌာန်းချက် အပိုဒ် (၃) အိမ်အကူအလုပ်သမားများသည် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်၊ အဖွဲ့အစည်းများတွင် ပါဝင်ခွင့်နှင့် စုပေါင်း ဆွေးနွေးညှိနှိုင်း အရေးဆိုပိုင်ခွင့်ရှိသည်။



ပြဋ္ဌာန်းချက် အပိုဒ် (၃) အိမ်အကူအလုပ်သမားများနှင့် ၎င်းတို့၏အခွင့်အရေးများအတွက် ကိုယ်စားပြုရပ်တည်ပေးသည့် အဖွဲ့အစည်းများ ရှိလာစေရန် အားပေးဆောင်ရွက်သင့်ပါသည်။



ပြဋ္ဌာန်းချက် အပိုဒ် (၄) ကလေးအိမ်အကူအလုပ်သမားများသည် မသင်မနေရ ပညာရေး (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းသင်တန်း တက်ရောက်ခွင့်ရှိသည်။




ပြဌာန်းချက် အပိုဒ် (၆) အိမ်အကူအလုပ်သမားများအတွက် တစ်ကိုယ်ရေလွတ်လပ်ခွင့်နှင့် လုံခြုံမှုရှိပြီး သင့်လျော်ကောင်းမွန်သော နေရာထိုင်ခင်းများ စီစဉ်ပေးရမည်။



ပြဋ္ဌာန်းချက် အပိုဒ် (၇) အိမ်အကူအလုပ်သမားများအတွက် ရှင်းလင်းတိကျပြီး စာဖြင့်ရေးသားထားသော သဘောတူစာချုပ်များ ချုပ်ဆို လုပ်ကိုင်ပိုင်ခွင့်ရှိသည်။




ပြဋ္ဌာန်းချက် အပိုဒ် (၇) ရွှေ့ပြောင်းအိမ်အကူအလုပ်သမားများ ဘေးကင်းလုံခြုံပြီး ၎င်းတို့နှင့် မိသားစုအတွက် အကျိုးရှိသော ရွှေ့ပြောင်း သွားလာခြင်းဖြစ်စေရန် အသေအချာ ဆောင်ရွက်ပေးရမည်။






ပြဌာန်းချက်အမှတ်(၁၈၉)  အိမ်အကူအလုပ်သမားများသည် မိမိကိုယ်ပိုင်အားလပ်ချိန်တွင် မိသားစုနှင့် လွတ်လပ်စွာ ဆက်သွယ်ခွင့်ရှိသည်။



ပြဋ္ဌာန်းချက် အပိုဒ် (၉) ရွှေ့ပြောင်းအိမ်အကူအလုပ်သမားများသည် နိုင်ငံကူးလက်မှတ်၊ အလုပ် လုပ်ကိုင်ခွင့်ပါမစ် အစရှိသည့် အထောက်အထား စာရွက်စာတမ်းများကို သိမ်းဆည်းထားပိုင်ခွင့်ရှိသည်။



ပြဌာန်းချက် အပိုဒ် (၇) ရွှေ့ပြောင်းအိမ်အကူအလုပ်သမားများသည် အလုပ်အကိုင်သဘောတူစာချုပ် သက်တမ်းကုန်ဆုံး (သို့မဟုတ်) ရပ်စဲလျှင် မည်သည့်ကုန်ကျစရိတ်မျှ ကျခံရန်မလိုဘဲ နေရပ်ပြန်ခွင့်ကို အကျိုးခံစားခွင့်ရှိသည်။




ပြဌာန်းချက် အပိုဒ် (၁၀) အိမ်အကူအလုပ်သမားများသည် အခြားအလုပ်သမားများနည်းတူ ဥပဒေကာကွယ်စောင့်ရှောက်မှုအောက်တွင် အကျုံးဝင်ခံစားပိုင်ခွင့်ရှိသည်။



ပြဋ္ဌာန်းချက် အပိုဒ် (၁၀) အိမ်အကူအလုပ်သမားများအတွက် တိကျသော ပုံမှန်အလုပ်ချိန်နာရီ၊ အချိန်ပိုကြေး၊ နေ့စဉ်နှင့် အပတ်စဉ် အနားယူချိန်ကာလ၊ လစာဖြင့် နှစ်ပတ်လည်ခွင့် စသည်တို့ကို ခံစားပိုင်ခွင့်ရှိသည်။




ပြဋ္ဌာန်းချက်အပိုဒ် (၁၀) အိမ်အကူအလုပ်သမားများသည် အပတ်စဉ်အနားယူချိန် အနည်းဆုံး ၂၄ နာရီတစ်ဆက်တည်း ခံစားပိုင်ခွင့်ရှိသည်။




ပြဋ္ဌာန်းချက် အပိုဒ် (၁၁) အိမ်အကူအလုပ်သမားများသည် အခြားအလုပ်သမားများနည်းတူ အနည်းဆုံးအခကြေးငွေ ခံစားပိုင်ခွင့်ရှိသည်။



ပြဋ္ဌာန်းချက် အပိုဒ် (၁၃) အိမ်အကူအလုပ်သမားတိုင်းသည် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော လုပ်ငန်းခွင်တွင် လုပ်ပိုင်ခွင့်ရှိသည်။



ပြဋ္ဌာန်းချက် အပိုဒ် (၁၄) အိမ်အကူအလုပ်သမားများသည် ကိုယ်ဝန်ဆောင်မီးဖွားခြင်းအပါအဝင် လူမှုကာကွယ်စောင့်ရှောက်မှု အပြည့်အဝ ခံစားပိုင်ခွင့်ရှိသည်။




ပြဋ္ဌာန်းချက် အပိုဒ် (၁၅) အိမ်အကူအလုပ်သမားများကို ခေါင်းပုံဖြတ်အလွဲသုံးစားပြုခြင်းမှ ကာကွယ်ရန် ပုဂ္ဂလိကအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများကို စည်းမျဉ်းစည်းကမ်းချမှတ်၍ ကြပ်မတ်ဆောင်ရွက်သင့်ပါသည်။




ပြဋ္ဌာန်းချက် အပိုဒ် (၁၆) အိမ်အကူအလုပ်သမားများသည် အများမျက်ကွယ်တွင် လုပ်ကိုင်နေကြရသဖြင့် တရားမျှတမှုနှင့် အကူအညီများ အလွယ်တကူ လက်လှမ်းမီရရှိနိုင်သည့် ယန္တရားများနှင့် နည်းလမ်းများ ဖွဲ့စည်းတည်ထောင်ပေးရမည်။




ပြဌာန်းချက် အပိုဒ် (၁၇) အလုပ်ရှင်အား ထိုက်သင့်သည့် လေးစားမှုနှင့်အတူ အိမ်အကူအလုပ်သမားများ၏ လုပ်ငန်းခွင်သို့ ပုံမှန် သွားရောက် စစ်ဆေးသင့်ပါသည်။



ပြဋ္ဌာန်းချက်ပါအချက်များကို အိမ်အကူအလုပ်သမားအဖွဲ့အစည်းများ၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် အစိုးရတို့ သုံးပွင့်ဆိုင် ဆွေးနွေး ညှိနှိုင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။




၂၀၁၁ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့တွင် အိမ်အကူအလုပ်သမားများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် (၁၈၉) ကို ILO က ချမှတ်ကျင့်သုံးခဲ့သည့်အတွက် ထိုနေ့ကို အပြည်ပြည်ဆိုင်ရာအိမ်အကူအလုပ်သမားများနေ့ အဖြစ် သတ်မှတ်ကာ နှစ်စဉ်နှစ်တိုင်း အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာအဝှမ်းတွင် ကျင်းပပြုလုပ်လေ့ရှိသည်။

Livelihoods and Food Security Trust Fund

ရောင်းချရန်မဟုတ်